# အသည်းရောင်ရောဂါပိုးရှိ စစ်အရာရှိများ ပညာရေးဝန်ကြီးဌာနပို့

NEJ / ၁၃ ဇွန် ၂၀၀၆ / ၁၈း၁၅

ဆေးစစ်ချက်အရ အသည်းရောင်အသားဝါ 'ဘီ' ပိုး တွေ့ရှိသည့် စစ်အရာရှိများနှင့် အခြားအဆင့် စုစုပေါင်း (၉၃) ယောက်ကို ပညာရေးဝန်ကြီးဌာနလက်အောက်သို့ ပြောင်းရွှေ့တာဝန်ပေးအပ်မည်ဟု နေပြည်တော် စစ်ရာထူးခန့်ချုပ်ရုံးမှ စစ်အရာရှိကြီးတဦးက ပြောကြားသည်။

အနာဂတ်နိုင်ငံတော်၏ ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်ပါဝင်ရေးဆိုသည်ကို တပ်မတော်သားများသာမက ပြည်သူများကပါ လက်ခံလာရေး ဆောင်ရွက်ရန်လိုအပ်ကြောင်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်အရ ပညာရေးဝန်ကြီးဌာနတွင် စစ်အရာရှိများကို ထိပ်ပိုင်းနေရာများ၌သာ တာဝန်ယူစေခြင်းမဟုတ်ဘဲ အရေးကြီးသည့် ရာထူးနေရာအဆင့်ဆင့်တို့၌ပါ တပ်မတော်သားများက ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေရန် ယင်းသို့စီစဉ်ရခြင်းဖြစ်သည်ဟု ထိုအရာရှိကပြောသည်။

၎င်းက "ပညာရေးကဏ္ဍဟာ အလွန်အရေးကြီးတယ်။ ကလေးတွေကို ငယ်ရွယ်စဉ်ကတည်းက တပ်မတော်သာလျှင် နိုင်ငံတော်ကို ဦးဆောင်နိုင်တယ်ဆိုတာ သိမြင်သွားစေဖို့လိုအပ်တယ်လို့ ဗိုလ်ချုပ်မှူးကြီးက လမ်းညွှန်ခဲ့တယ်" ဟုရှင်းပြသည်။

ထို့ကြောင့် အသည်းရောင်အသားဝါ 'ဘီ' ပိုးတွေ့ရှိ၍ တပ်ထဲတွင်တာဝန်ထမ်းဆောင်နေရာမှ အရပ်ဘက်ရွှေ့ပေးရမည့် အရာရှိများအပါအဝင် တပ်မတော်သား (၉၃) ယောက်ကို ပညာရေးဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေရန် စီစဉ်ရခြင်းဖြစ်သည်ဟု ၎င်းကပြောသည်။

မင်္ဂလာဒုံစစ်ဆေးရုံမှ တာဝန်ရှိစစ်အရာရှိကြီးတဦး၏ ပြောပြချက်အရ ယခုနှစ်တွင် အသည်းရောင်အသားဝါ 'ဘီ' ပိုးတွေ့ရှိသည့် တပ်မတော်သားများထဲတွင် အရာရှိငယ်အများအပြား ပါဝင်သည်ဟု သိရသည်။

ပြီးခဲ့သည့်နှစ်များ၌လည်း ဆေးစစ်ရာတွင် 'ဘီ' ပိုးတွေ့ရှိသည့် စစ်အရာရှိများကို ဘဏ္ဍာ/အခွန် ဦးစီးဌာနနှင့် ပြည်တွင်းအခွန်များဦးစီးဌာနတို့၌ တာဝန်ပေးအပ်ခဲ့ပြီး ရန်ကုန်ရုံးချုပ်အပါအဝင် တိုင်းနှင့်ပြည်နယ်အသီးသီးသို့ စေလွှတ်တာဝန်ထမ်းဆောင်စေခဲ့သည်။

အဆိုပါစစ်အရာရှိများကြောင့် အရပ်ဘက်ဝန်ထမ်းများ၏ ရာထူးနေရာအတော်များများ လက်လွှတ်ဆုံးရှုံးခဲ့ရကြောင်း အခွန်ဦးစီးဌာန အရာရှိများထံမှ သိရသည်။

အသည်းရောင်အသားဝါ 'ဘီ' ပိုးသည် လူ၏ကိုယ်ခန္ဓာတွင်း သွေး၌တွေ့ရသည့် ရောဂါဖြစ်သဖြင့် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ကဲ့သို့ပင် ခန္ဓာတွင်းရည်တခုခု ဥပမာ လိင်ဆက်ဆံခြင်း၊ သွေးသွင်းခြင်း၊ ဆေးထိုးအပ်တခုတည်းသုံးခြင်း စသည်တို့မှ ရောဂါကူးစက်နိုင်သော်လည်း သာမန်လုပ်ငန်းခွင် အနေအထား နေထိုင်သွားလာရုံမျှဖြင့် ရောဂါကူးစက်နိုင်ခြင်းမရှိဟု ရန်ကုန်မှ အထူးကုဆရာဝန်တဦးကပြောသည်။ ■